# MYANMAR AGRO EXCHANGE PUBLIC COMPANY LIMITED.

No. 262-264, Pyay Road, Dagon Centre (1), Block (A), 4th Floor, Sanchaung Township, Yangon, Myanmar.
Tel : 95-1-503928, 503929, 514226 Fax : 95-1-516616


ရက်စွဲ ၂၀၂၃ . မေလ ( ၂၃ ) ရက်။

သို့

လေးစားအပ်ပါသော အစုရှယ်ယာရှင်များခင်ဗျာ

ကျွန်တော်များ မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီတစ်ခုဖြစ်လာရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စာရင်းဝင်ကုမ္ပဏီဖြစ်ပြီးနောက်ပိုင်းတွင် ကျွန်ုပ်တို့ကုမ္ပဏီ၏ အစုရှယ်ယာများအား လွယ်ကူချောမွေ့စွာ အရောင်းအဝယ်ပြုလုပ်နိုင်ရန်အတွက် အစုရှယ်ယာရှင်များအနေဖြင့် ရန်ကုန်စတော့အိတ်ချိန်းမှ ချမှတ် ထားသော Dematerialization process (လက်ဝယ်ကိုင်ဆောင်ထားသော အစုရှယ်ယာလက်မှတ်များအား အီလက်ထရောနစ်နည်းဖြင့် ပြောင်းလဲမှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်) အား လုပ်ဆောင်ရမည့်အချိန်သို့ ရောက်ရှိလာပြီ ဖြစ်ပါသည်။

ထို့ကြောင့် အစုရှယ်ယာရှင်များအနေဖြင့် နှစ်သက်ရာ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ သို့ ဆက်သွယ်၍လည်းကောင်း လူကြီးမင်းတို့၏လက်ဝယ်ကိုင်ဆောင်ထားသော ကျွန်ုပ်တို့ကုမ္ပဏီ၏ အစုရှယ်ယာလက်မှတ်များကို အီလက်ထရောနစ်ပုံစံ (electronic form) သို့ ပြောင်းလဲခြင်းအား(၂၃/၅/၂၀၂၃) ရက်နေ့မှ စတင် ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း နှင့် (၂/၆/၂၀၂၃) ရက်နေ့ နောက်ဆုံးထား ဆောင်ရွက်ပေးပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။

အထက်ဖော်ပြပါလုပ်ငန်းစဉ်အား ဆောင်ရွက်ထားခဲ့မှုမရှိပါက ရန်ကုန်စတော့အိတ်ချိန်း၌ ကျွန်ုပ်တို့ကုမ္ပဏီစာရင်းဝင်ဖြစ်ပြီးနောက်ပိုင်းတွင် လူကြီးမင်းတို့၏အစုရှယ်ယာများသည် ရန်ကုန်စတော့အိတ်ချိန်း၏ Special Account သို့ရောက်ရှိသွားမည်ဖြစ်ပါသည်။ ထို Special Account ရှိ လူကြီးမင်း၏ အစုရှယ်ယာများအား အရောင်းအဝယ်ပြုလုပ်လိုပါကရန်ကုန်စတော့အိတ်ချိန်းမှ သတ်မှတ်ထားသော ဝန်ဆောင်ခနှင့် လုပ်ငန်းစဉ်အတိုင်း လိုက်နာ၍ ဤလုပ်ငန်းစဉ်အား ပြန်လည်လုပ်ဆောင်ရမည် ဖြစ်ကြောင်းကိုလည်း အသိပေးအကြောင်းကြားအပ်ပါသည်။

ထို့အပြင် အထက်ဖော်ပြပါ လုပ်ငန်းစဉ်အား စတင်လုပ်ဆောင်နိုင်သည့်နေ့မှစ၍ ရန်ကုန်စတော့အိတ်ချိန်း၌ ကျွန်ုပ်တို့ကုမ္ပဏီ စာရင်းဝင်ဖြစ်မည့် နေ့မတိုင်မီအထိ အစုရှယ်ယာလွှဲပြောင်းခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများအား ခေတ္တရပ်ဆိုင်းထားမည် ဖြစ်ပါကြောင်း တစ်ပါတည်း အသိပေး အကြောင်းကြားအပ်ပါသည်။

လေးစားစွာဖြင့်

ဦးဝင်းအောင် (Chairman)

မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

MYANMAR AGRO EXCHANGE PUBLIC COMPANY LIMITED.
No. 262-264, Pyay Road, Dagon Centre (1), Block (A), 4th Floor, Sanchaung Township, Yangon, Myanmar.
Tel : 95-1-503928, 503929, 514226 Fax : 95-1-516616

ရက်စွဲ ၂၀၂၃ . မေလ ( ၂၃ ) ရက်။

သို့
လေးစားအပ်ပါသော အစုရှယ်ယာရှင်များခင်ဗျာ

ကျွန်တော်များ မြန်မာအက်ဂရိုအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီတစ်ခုဖြစ်လာရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စာရင်းဝင်ကုမ္ပဏီဖြစ်ပြီးနောက်ပိုင်းတွင် ကျွန်ုပ်တို့ကုမ္ပဏီ၏ အစုရှယ်ယာများအား လွယ်ကူချောမွေ့စွာ အရောင်းအဝယ်ပြုလုပ်နိုင်ရန်အတွက် အစုရှယ်ယာရှင်များအနေဖြင့် ရန်ကုန်စတော့အိတ်ချိန်းမှ ချမှတ် ထားသော Dematerialization process (လက်ဝယ်ကိုင်ဆောင်ထားသော အစုရှယ်ယာလက်မှတ်များအား အီလက်ထရောနစ်နည်းဖြင့် ပြောင်းလဲမှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်) အား လုပ်ဆောင်ရမည့်အချိန်သို့ ရောက်ရှိလာပြီ ဖြစ်ပါသည်။

ထို့ကြောင့် အစုရှယ်ယာရှင်များအနေဖြင့် နှစ်သက်ရာ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ သို့ ဆက်သွယ်၍လည်းကောင်း လူကြီးမင်းတို့၏လက်ဝယ်ကိုင်ဆောင်ထားသော ကျွန်ုပ်တို့ကုမ္ပဏီ၏ အစုရှယ်ယာလက်မှတ်များကို အီလက်ထရောနစ်ပုံစံ (electronic form) သို့ ပြောင်းလဲခြင်းအား အောက်ဖော်ပြပါ Securities များတွင် (၂၃.၅.၂၀၂၃) မှ စတင် လုပ်ဆောင်နိုင်ပြီဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

| Company Name | TP ID | Contacta | Address |
|---|---|---|---|
| Myanmar Securities Exchange Centre Co., Ltd. | TP00001 | T: 01-378647<br>F: 01-387031 | 21-25, Sule Pagoda Road,1st Floor of MEB (Yangon Region Office), Yangon |
| KBZ Stirling Coleman Securities Co., Ltd. | TP00002 | T:01-2307300-02<br>F: 01-2307315 | Strand Square 6th Floor Unit 631, No 53, Strand Road, Pabedan Township, Yangon, Myanmar. |
| CB Securities Limited. | TP00003 | T: 01-8610331<br>F: 01-8610330 | 03-04, Union Financial Center, Corner of Mahabandoola Road & Theinphyu Road, Botahtaung Township, Yangon |
| AYA Trust Securities Co., Ltd. | TP00004 | T: 01-386255<br>F: 01-386254 | No.416, Corner of Mahabandoola Road & Manabandoola Garden Street, Kyauktada Township, Yangon |
| KTZ Ruby Hill Securities Co., Ltd. | TP00005 | T: 01-8610480<br>F: 01-8610479 | 7-6, Union Financial Center, Corner of Mahabandoola Road & Theinphyu Road, Botahtaung Township, Yangon |
| UAB Securities Limited. | TP00006 | T: 01 504 320 ,<br>01 504 406<br>F: 01 504 836 | No(101), Level-1, Times Link Office Tower, Corner of Dhammazedi Road and Link Street, Bahan Township, Yangon, Myanmar |

လေးစားစွာဖြင့်

ဦးဝင်းအောင် (Chairman)
မြန်မာအက်ဂရိုအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်